# Contents


| | | |
|---|---|---|
| 2 | 日本語版 | |
| 4 | Bản tiếng Việt | ［ベトナム語版］ |
| 6 | 中文版 | ［中国語版］ |
| 8 | Bersyon sa Pilipino | ［フィリピノ語版］ |
| 10 | Edisi Bahasa Indonesia | ［インドネシア語版］ |
| 12 | ฉบับภาษาไทย | ［タイ語版］ |
| 14 | ភាសាខ្មែរ | ［カンボジア語版］ |
| 16 | မြန်မာဘာသာ မူ | ［ミャンマー語版 ］ |
| 18 | Монгол хэл дээрх хувилбар | ［モンゴル語版］ |
| 20 | English Version | ［英語版］ |


## こくごのもり

小学低学年の児童を対象に国語の楽しさを知ってもらおうと、イラストを多用してつくった問題で「毎日小学生新聞」に長期連載。

©毎日小学生新聞　複製、転用はできません




答えはP22にあります。

# အတတ်ပညာကျွမ်းကျင်မှု အလုပ်သင်များ၏ မိတ်ဆွေ

၂၀၂၀ပြည့်နှစ် ဧပြီလထုတ်

## ဂျပန်ဘာသာလေ့လာသင်ယူမှုနဲ့ ဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ

အတတ်ပညာကျွမ်းကျင်မှု အလုပ်သင်/သင်တန်းရဲ့ အဓိကရည်ရွယ်ချက်ဟာ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှု၊ အတတ်ပညာ၊ ဗဟုသုတတွေ ရရှိဖို့ ဖြစ်ပါတယ်။ ဂျပန်ဘာသာကို ပြောဆိုနိုင်မယ်ဆိုရင် ပတ်ဝန်းကျင်က ဂျပန်လူမျိုးတွေနဲ့ ပြောဆိုဆက်ဆံမှု လွယ်ကူပြီး အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်နေတဲ့အကြောင်းအရာတွေအပေါ် နားလည်မှု ပိုမိုနက်ရှိုင်းလာပြီး အရည်အသွေးမမီတဲ့ ကုန်ပစ္စည်း ထွက်ပေါ်တာ၊ အလုပ်ခွင်အတွင်း ထိခိုက်ဒဏ်ရာရတာနဲ့ နေ့စဉ်လူနေမှုဘဝအတွင်းက မတော်တဆမှုတွေကိုလည်း တားဆီးနိုင်ဖို့ ဖြစ်လာပါလိမ့်မယ်။ အလုပ်သင်တွေရဲ့ ဂျပန်ဘာသာ အရည်အချင်း တိုးတက်ရေးကို ထောက်ပံ့ကူညီဖို့အတွက် JITCO မှာ နှစ်စဉ် "နိုင်ငံခြားသား အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်နှင့် သင်တန်းသားများ၏ ဂျပန်ဘာသာစာစီစာကုံးပြိုင်ပွဲ" ကို ကျင်းပနေပါတယ်။ ရရှိထားတဲ့ ဂျပန်ဘာသာအရည်အချင်းကို အသုံးချဖို့အတွက်လည်း အလုပ်သင်တွေအနေနဲ့ ဒီပြိုင်ပွဲမှာ တက်တက်ကြွကြွ ဝင်ရောက်ယှဉ်ပြိုင်ကြစေလိုပါတယ်။ (အောက်မှာ ဖော်ပြထားတဲ့ အသိပေးချက်ကိုလည်း ဖတ်ရှုပါ)

အလုပ်သင်နဲ့ သင်တန်းသားတွေထဲမှာ ဂျပန်ဘာသာအရည်အချင်းကို ပြသစရာနေရာအဖြစ် ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲကို စိတ်ပါဝင်စားသူတွေလည်း များမယ်လို့ ထင်ပါတယ်။ အရင်က အလုပ်သင်နဲ့ သင်တန်းသားတွေက အမိနိုင်ငံကို ပြန်ပြီးနောက် "သင်ယူရရှိလာတဲ့ ဂျပန်ဘာသာကို အတော်လေး ချီးကျူးခံရပြီး အလုပ်သင်စေလွှတ်ခဲ့တဲ့ မိခင်ကုမ္ပဏီမှာ ရာထူးတက်ခဲ့တယ်" "ဂျပန်ဘာသာ အရည်အချင်းကို အသုံးချပြီး ဂျပန်နဲ့ ဆက်နွယ်နေတဲ့ ကုမ္ပဏီတွေမှာ အလုပ်ဝင်ခဲ့တယ်" "ကိုယ်ပိုင်ကုမ္ပဏီ ထောင်ပြီး ဂျပန်ကုမ္ပဏီတွေနဲ့ စီးပွားရေးစလုပ်ခဲ့တယ်"စတဲ့ အကြောင်းကြားချက်တွေ ရနေတာကြောင့် အဲဒီလို ဂျပန်ဘာသာအရည်အချင်းကို မိမိရဲ့ အလုပ်အကိုင်တိုးတက်ရေးနဲ့ တိုက်ရိုက်ဆက်စပ်စေဖို့ စာမေးပွဲစတာတွေနဲ့ သိသာထင်ရှားတဲ့ အရည်အချင်းအကဲဖြတ်ချက်တွေ ရရှိဖို့ လိုအပ်ပါတယ်။

နိုင်ငံခြားသားတွေရဲ့ ဂျပန်ဘာသာအရည်အချင်းကို တိုင်းတာစိစစ်ပြီး အကဲဖြတ်အမှတ်ပေးတဲ့ စာမေးပွဲတွေ အများအပြား ရှိတဲ့အထဲမှာ ဖြေဆိုသူအများဆုံးဖြစ်တဲ့ **ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲ (JLPT)**နဲ့ ပတ်သက်ပြီး အခုတစ်ကြိမ်မှာ မိတ်ဆက်ပေးချင်ပါတယ်။ JLPTဟာ အလွယ်ဆုံး N5 ကနေ အခက်ဆုံး N1 အထိ အဆင့် ၅ဆင့်ခွဲထားပြီး အလုပ်သင်တွေ အနေနဲ့ N4(သို့) N3ကို ဖြေဆိုသူများပုံပါပဲ။ အဆင့်အလိုက်မေးခွန်းနမူနာတွေကို ဝက်ဘ်စာမျက်နှာ (http://www.jlpt.jp/) မှာ တင်ထားတာကြောင့် စမ်းပြီးဖြေကြည့်ဖို့ အကြံပြုပါတယ်။ (စာမေးပွဲအတွက် လျှောက်လွှာကိုလည်း အင်တာနက်ကပဲ တင်ရမှာ ဖြစ်ပါတယ်) စာမေးပွဲကို ဂျပန်နိုင်ငံအနှံ့ ခရိုင် ၄၇ခုနဲ့ နိုင်ငံခြားနေရာတွေမှာ တစ်နှစ် ၂ကြိမ် (ဇူလိုင်လ၊ ဒီဇင်ဘာလ) ကျင်းပနေပြီး ဇူလိုင်လ စာမေးပွဲအတွက် လျှောက်လွှာပိတ်ချိန်က ဧပြီလအနှောင်းပိုင်းဖြစ်ပါတယ်။

ဂျပန်ဘာသာ လေ့လာသင်ယူရာမှာ အဆက်မပြတ်လေ့လာကျတ်မှတ်ဖို့ လိုအပ်သလို စာမေးပွဲအောင်ဖို့အတွက် တစ်ပွဲတိုး ကျက်မှတ်တာမျိုးနဲ့ဆိုရင် လွယ်ကူမှာ မဟုတ်ပါဘူး။ စာမေးပွဲဖြေသူတွေအတွက် မေးခွန်းပေါင်းချုပ်ဟာလည်း ဖြေကြည့်ရုံ သက်သက်မဟုတ်ဘဲ အကြိမ်ကြိမ် လေ့လာနိုင်ဖို့ အဖြေကို သီးခြားစာရွက်မှာရေးတာ၊ စာပိုဒ်ရှည်ကို ဖတ်ပြီးဖြေရတဲ့မေးခွန်းကို အသံထွက်ဖတ်တာ၊ နားထောင်ပြီးဖြေရတဲ့မေးခွန်းရဲ့ အသံဖိုင်ကိုလည်း အကြိမ်ကြိမ် အပြန်ပြန်အလှန်လှန် နားထောင်တာမျိုး လုပ်ဆောင်ကြပါစို့။

အခုကစပြီး စာမေးပွဲဖြေမယ်လို့ တွေးထားသူအနေနဲ့ မိမိတာဝန်ထမ်းနေတဲ့ ဌာန၊ ကုမ္ပဏီမှာ စာမေးပွဲဖြေဖို့နဲ့ ပတ်သက်ပြီး တိုင်ပင်ကြည့်သင့်ပါတယ်။ ဒါ့အပြင် ဂျပန်ဘာသာလေ့လာသင်ယူရေးအတွက် အကြံဉာဏ်တွေကို ဂျပန်ဘာသာ အထောက်အကူပေးရေးဝန်ထမ်းတွေ၊ အလုပ်ထဲက ဝါရင့်သူတွေဆီက ရယူကြပါ။ ဂျပန်ဘာသာ လေ့လာသင်ယူတာဟာ ခက်ခဲကောင်း ခက်ခဲနိုင်ပေမဲ့ စိတ်အားထက်သန်စွာ လုပ်ဆောင်ကြလိမ့်မယ်လို့ မျှော်လင့်နေပါတယ်။

**☆စာစီစာကုံးစာမူတွေလက်ခံနေပါတယ်☆**

**၂၈ကြိမ်မြောက် နိုင်ငံခြားသား အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်နှင့် သင်တန်းသားများ၏ ဂျပန်ဘာသာစာစီစာကုံးပြိုင်ပွဲဆိုင်ရာ အသိပေးချက်**

ဧပြီလ ၁ရက်နေ့က စပြီး "နိုင်ငံခြားသား အတတ်ပညာကျွမ်းကျင်မှုအလုပ်သင်နှင့် သင်တန်းသားများ၏ ဂျပန်ဘာသာစာစီစာကုံးပြိုင်ပွဲ" အတွက် စာမူတွေကို လက်ခံ နေပါပြီ။

လျှောက်လွှာပိတ်ရက်ကတော့ မေလ ၁၁ရက်(တနင်္လာနေ့) ဖြစ်ပါတယ်။

လျှောက်လွှာနဲ့ပတ်သက်တဲ့အသေးစိတ်အချက်အလက်တွေကိုတော့ **"JITCO**၏အင်တာနက်စာမျက်နှာ**" ( https://www.jitco.or.jp/)**၊ **"JITCO**ဂျပန်ဘာသာသင်ထောက်ကူ စာမျက်နှာ**" ( https://hiroba.jitco.or.jp/)**ရဲ့ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့စွဲနဲ့ "အသိပေးချက်" မှာ ပါရှိပါတယ်။

နှစ်စဉ်နှစ်တိုင်း စာမူတွေအများကြီးပေးပို့ယှဉ်ပြိုင်ကြပါတယ်။ အားလုံးပဲ တက်တက် ကြွကြွ ပါဝင်ယှဉ်ပြိုင်ကြပါ။

ミャンマー語版

# စက်ဘီးမတော်တဆမှုနဲ့ ဂျပန်ရဲ့စည်းမျဉ်းစည်းကမ်းများ

ဂျပန်မှာ နေ့စဉ်စက်ဘီးအသုံးပြုနေတဲ့ အလုပ်သင်/သင်တန်းသား အများကြီးရှိမယ်ထင်ပါတယ်။ စက်ဘီးစီး နေချိန်မှာ ကားတိုက်ခံရပြီး ထိခိုက်နစ်နာသူ ဖြစ်ရတာ၊ ကိုယ့်စက်ဘီးနဲ့ လူကို တိုက်မိပြီး နစ်နာအောင်လုပ်သူ ဖြစ်ရတာ မတော်တဆမှု နှစ်မျိုးစလုံး ဖြစ်ပွားနေပါတယ်။ အလုပ်သင်နဲ့သင်တန်းသားတွေရဲ့ ယာဉ်မတော်တဆမှုတွေဟာ ဂျပန့်လမ်းစည်းကမ်းယာဉ်စည်းကမ်းကို ကောင်းကောင်းနားမလည်တာက အများစုအကြောင်းရင်း ဖြစ်နေပုံပါပဲ။ တရားရေး ဝန်ကြီးဌာနရဲ့အင်တာနက်စာမျက်နှာပါ "နိုင်ငံခြားသားများ၏ လူနေမှုထောက်ပံ့ရေး အထွေထွေ ဝက်ဘ်ဆိုက်"ထဲက ဂျပန်နေ နိုင်ငံခြားသားတွေ အတွက် "စားဝတ်နေရေး၊ အလုပ်အကိုင် လမ်းညွှန်စာအုပ်"မှာရေးထားတဲ့ စက်ဘီးမတော်တဆမှု ဖြစ်လွယ်တဲ့ နေရာတစ်ခုဖြစ်တဲ့ လမ်းဆုံလမ်းခွမှာ စက်ဘီးစီးချိန် လိုက်နာရမယ့် စည်းကမ်းတွေကို မိတ်ဆက်ပေးပါမယ်။

### လမ်းဆုံလမ်းခွ ဖြတ်သန်းခြင်းဆိုင်ရာ စည်းကမ်း

**ညာဘက်ကွေ့ချိန်** (မီးပွိုင့်ရှိလျှင်) မီးစိမ်းလျှင် လမ်းဆုံ၏ ဘယ်ဘက်မှကပ်ပြီး တစ်ဖက်ကမ်းလမ်းထောင့်အထိ သွား၊ ရပ်ပြီးမှ လားရာကိုပြောင်းပါ။ မျက်နှာချင်းဆိုင်မှ မီးပွိုင့်စိမ်းပါမှ ရှေ့နောက် ဝဲယာ ဘေးကင်းမှု စစ်ဆေးပြီး တည့်တည့်သွားပါ။

(မီးပွိုင့်မရှိလျှင်) နောက်ဘက်တွင် ဘေးကင်းမကင်း စစ်ဆေးပြီး လမ်း၏ ဘယ်ဘက်မှကပ်ကာ အခြားဘက်အထိ တည့်တည့်သွား၊ ဘေးကင်းမှုကို စစ်ဆေးပြီးမှ ညာဘက်ကို ကွေ့သွားပါ။

**ဘယ်ဘက်ကွေ့ချိန်** ဘယ်ဘက်ကွေ့မည့်လမ်းကို ဖြတ်ကူးသူများ အနှောက်အယှက်မဖြစ်စေအောင် လုပ်ဆောင်ပါ။

**တစ်ကြိမ်ရပ် အမှတ်အသားရှိသည့်နေရာစသည်** "တစ်ကြိမ်ရပ်"အမှတ်အသားရှိသည့်နေရာတွင် မဖြစ်မနေ ရပ်ပြီး ဝဲယာ ဘေးကင်းမှု စစ်ဆေးပြီးမှ သွားပါ။ မြင်ကွင်းမရှင်းသည့် လမ်းဆုံကို ဖြတ်ချိန်၊ လမ်းကျယ် ကို ဖြတ်ချိန်တွေမှာလည်း တစ်ကြိမ်ရပ်ခြင်း လုပ်ဆောင်ပြီး ဘေးကင်းမှုကို စစ်ဆေးပါ။

**စက်ဘီးဖြတ် လမ်းကြောင်းရှိသည့်နေရာ** လမ်းဆုံနှင့် အနီးတွင် စက်ဘီးဖြတ်လမ်းကြောင်းရှိလျှင် ထိုလမ်းကို အသုံးပြု၍သွားပါ။

(လူဝင်မှုကြီးကြပ်ရေးနေထိုင်ရေး စီမံခန့်ခွဲမှုအေဂျင်စီက ကြီးကြပ်သည့် "စားဝတ်နေရေး၊ အလုပ်အကိုင် လမ်းညွှန်စာအုပ်"မှ)

### 🌏 နိုင်ငံခြားသားများ၏ လူနေမှုထောက်ပံ့ရေး အထွေထွေဝက်ဘ်ဆိုက်

| | |
|---|---|
| (ဂျပန်ဘာသာ) | http://www.moj.go.jp/nyuukokukanri/kouhou/nyuukokukanri10_00055.html |
| (လွယ်ကူသော ဂျပန်ဘာသာ) | http://www.moj.go.jp/nyuukokukanri/kouhou/nyuukokukanri10_00062.html |
| (အင်္ဂလိပ်ဘာသာ) | http://www.moj.go.jp/nyuukokukanri/kouhou/m_nyuukokukanri10_00006.html |
| (ဗီယက်နမ်ဘာသာ) | http://www.moj.go.jp/content/001304607.pdf |

ဒါတင်မက အလုပ်သင်တွေဂျပန်က လူနေမှုဘဝမှာ အမြန်ဆုံးနေသားကျပြီး သက်သောင့်သက်သာ နေထိုင်နိုင်စေဖို့ JITCO မှာ ယာဉ်/လမ်းစည်းကမ်းတွေကိုအစပြုလို့ သတင်း အချက်အလက် အမျိုးမျိုး ပါဝင်တဲ့ "ဂျပန်နိုင်ငံတွင်နေထိုင်မှုလမ်းညွှန်"စာအုပ်ကို ထုတ်ဝေနေပါတယ်။ ယာဉ်/လမ်းစည်းကမ်းတွေ သာမက ဂျပန့်လူမှုအသိုက်အဝန်းရဲ့ စည်းကမ်းမျိုးစုံကို သိထားတာဟာ အလုပ်သင်တွေရဲ့ ဂျပန်က လူနေမှုဘဝမှာ စိတ်ချလုံခြုံမှုရှိစေမှာပါ။ ဒီစာအုပ်ဟာ ဂျပန်ဘာသာနဲ့ယှဉ်တွဲထားတဲ့ ပုံစံနဲ့ ဗီယက်နမ်၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာ၊ မွန်ဂို၊ အင်္ဂလိပ်၊ လာအို၊ ဆင်ဟာလာ၊ နီပေါ ဘာသာမူ စာအုပ်တွေရှိပြီး JITCO သင်ထောက်ကူပစ္စည်းစင်တာမှာ ရောင်းချနေပါတယ်။



### မန်ဂါနဲ့လေ့လာကြစို့ ဂျပန်လူမျိုးတို့ရဲ့စိတ်နေသဘောထား — အိတ်ထဲမှာ တစ်ခု ဆောင်သွားပါ —




ထီးမယူဘဲ ထွက်လာတာကို မာရုအိစန် တစ်ယောက် နောင်တရနေပါတယ်။

စစ်တမ်းတစ်ခုအရ တစ်ဦးချင်းထီးပိုင်ဆိုင်မှုမှာ ဂျပန်က ကမ္ဘာ့နံပါတ်-၁ ဖြစ်ပါတယ်။ ရုတ်တရက် မိုးရွာရင်အသင့်ဖြစ်အောင် အပြင်သွားချိန် ခေါက်ထီးကို အိတ်ထဲထည့်ယူသွားသူ များပြီး၊ ပေါ့တာ၊ နွေမိုးသုံးနိုင်တာ၊ လေပြင်းဒဏ်ခံတာလို အစွမ်းမျိုးစုံခေါက်ထီးတွေ ပေါ်လာနေပါတယ်။

ミャンマー語版

◆こくごこたえ

①岩　②森
③校　④寺
⑤船　⑥語
⑦親

紙の上にばらばらに置かれた字。どれも一つの字です。それらをみんな集めて、新しい一字にします。一つの字になる時に、どこかが微妙に変わるものもあるでしょう。漢字は意味を持つ字ですが、別の文字と組み合わせると、新たな意味を持つことにも気づけるといいですね。

Các bạn hãy nhìn những chữ riêng rẽ trong những hình vuông dưới đây. Mỗi chữ trong ô đều là 1 chữ riêng biệt, có nghĩa. Nhưng nếu tập hợp những chữ riêng lẻ đó lại thì chúng ta sẽ có 1 chữ mới. Khi kết hợp trong một chữ, cách viết mỗi chữ có ít nhiều thay đổi. Mỗi từ kanji (chữ Hán) đều có nghĩa nhưng nếu kết hợp với nhau thì chúng sẽ trở thành 1 từ mới. Hy vọng các bạn nhận ra được điều đó.

纸上七零八落地排列着一些文字。每一张都是一个文字。把这些集中在一起组成一个新的文字。变成一个字的时候，在某些地方会有微妙的变化。汉字是表意文字，和别的文字组合在一起又会产生新的意思，希望大家能注意到。

Ang hiwa-hiwalay na nakasulat sa papel ay pare-parehong isang character lamang. Kolektahin ang mga ito at gumawa ng bagong character. Ang ilang mga character ay maaaring magbago nang kaunti kapag sila ay naging isang character.
Ang Kanji ay isang character na may kahulugan, ngunit kapag pinagsama sa ibang character, mapansin ninyo sana na mayroon itong bagong kahulugan.

Huruf yang ditaruh secara acak di atas kertas. Semuanya adalah sebuah huruf. Kumpulkan semuanya dan jadikan menjadi sebuah huruf baru. Pada waktu menjadi sebuah huruf, terkadang ada yang mengalami sedikit perubahan. Semoga dapat menyadari bahwa kanji adalah huruf yang memiliki arti, tetapi jika digabungkan dengan huruf lain maka akan memiliki sebuah arti baru.

ตัวอักษรที่วางกระจัดกระจายบนกระดาษทุกตัวล้วนแล้วแต่เป็นอักษรตัวเดียว　เมื่อเอาทุกตัวมารวมกันเป็นอักษรใหม่หนึ่งตัวก็จะมีตรงไหนสักที่ที่เปลี่ยนแปลงไปเล็กน้อย หากสังเกตก็จะเห็นว่า เมื่อนำอักษรคันจิซึ่งมีความหมายในตัวไปรวมเข้ากับอักษรตัวอื่นก็จะได้ความหมายใหม่ขึ้นมา

តួអក្សរត្រូវបានដាក់ច្របល់គ្នានៅលើក្រដាស។ មួយណាក៏ជាអក្សរមួយតួដែរ។ សូមប្រមូលអក្សរគ្រប់តួមកផ្គុំគ្នា ដើម្បីបង្កើតអក្សរថ្មីមួយ។ ពេលក្លាយជាតួអក្សរថ្មី កន្លែងខ្លះមានការប្រែប្រួលបន្តិចបន្តួច។ អក្សរកាន់ជិ គឺជាអក្សរដែលមានអត្ថន័យ ប៉ុន្តែវាជាការប្រសើរណាស់ដែលអ្នកអាចកត់សំគាល់ថាវាមានអត្ថន័យថ្មីមួយទៀត នៅពេលផ្សំតួអក្សរកាន់ជិផ្សេងៗចូលគ្នា។

စာရွက်ပေါ်မှာ သီးခြားစီ ရှိနေတဲ့ စာလုံးတွေ၊ အားလုံး စာလုံးတစ်လုံးတည်း ဖြစ်ပါတယ်။ ဒါတွေကို စုစည်းပြီး စာလုံးသစ်ဖွဲ့ပါ။ တစ်လုံးတည်း ဖြစ်လာချိန်မှာ မသိမသာ ပြောင်းလဲသွားတာလည်း ရှိပါလိမ့်မယ်။ ခန်းဂျီးဟာ အဓိပ္ပာယ်ပါဝင်တဲ့ စာလုံးဖြစ်ပေမဲ့ တခြားစာလုံးနဲ့ ပေါင်းစပ်တဲ့အခါ အဓိပ္ပာယ်သစ်ကို ဆောင်တယ်ဆိုတာကိုလည်း သတိပြုမိနိုင်ပါစေ။

Цаасан дээр дэс дараалалгүйгээр тавигдсан үсэгнүүд. Бүгдээрээ нэг нэг үсэг. Эдгээрийг бүгдийг нь цуглуулаад, нэг шинэ үсэг бүтээнэ. Нэг үсэг болох үедээ аль нэг хэсэг нь ялимгүй өөрчлөгдөх үсэг ч гарах байх. Ханз нь утга илэрхийлдэг үсэг бөгөөд өөр үсэгтэй нийлүүлэхээр, өөр утга илэрхийлдэг болохыг анзаарч чадвал сайн байна.

A number of kanji characters are randomly shown on each piece of paper. They are each an independent character. Put these characters together and create a new character. Note that some may change slightly when they form the new character. You will probably realize that while each kanji character has its own meaning, combining them with different characters allows them to express a new meaning.

技能実習生・研修生向け母国語情報誌
技能実習生の友
2020年4月　春季号
2020年4月1日発行

発　行　公益財団法人 国際人材協力機構（JITCO）
総務部広報室
〒108-0023
東京都港区芝浦 2-11-5
五十嵐ビルディング
電　話　03-4306-1166（ダイヤルイン）
JITCO ホームページ　https://www.jitco.or.jp/